

www.burmeseclassic.com

**Business Interview**

# စာရေးဆရာအောင်သင်းနှင့် ရေကြည်ရာမြက်နုရာ

မေးမြန်းသူ - မောင်အေးအောင်

ရေကြည်ရာမြက်နုရာဟူသောဆိုရိုးစကားအတိုင်း ယနေ့ခေတ် မြန်မာလူငယ်များသည် မိမိတို့၏လူနေမှုဘဝတစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်ဖို့ ရေခြား မြေခြားသို့ စွန့်စွန့်စားစားသွားရောက် လျက်ရှိကြရာ အပေါက်အလမ်းတည့်သည့်များလည်းရှိသလို မှန်းချက် နှင့် နှမ်းထွက်မကိုက်သူများလည်း၊ ဒုနှဲ့ဒေးပင်ဖြစ်လို့နေကြောင်း လေ့ လာတွေ့ရှိရသည်။မည်သည့်နေရာတွင်မဆို အဆိုးနှဲ့အကောင်း ဒွန်တွဲ နေတတ်သည်မှာ လောကနိယာမတစ်ခုပင်ဖြစ်ရကား အခြေအနေနှင့် အချိန်အခါအရ လုပ်သင့်လုပ်ထိုက်သည်များလုပ်မှသာ ဖြစ်သင့်ဖြစ်ထိုက်သည်များဖြစ်လာပေမည်။ လူငယ်တို့၏ ဘဝအာမခံချက်သည် တိုင်းတစ်ပါးသွားခြင်း၊ မသွားခြင်းနှင့် တိုက်ရိုက်ပတ်သက်ပါသလားမေးခွန်းသည် ယခုလူငယ်များ ရပ်ဝန်းတွင်ရေပန်းစားလို့နေပါသည်။ စင်စစ်အားဖြင့်လည်း အခွင့်အလမ်းပေါ်လာလျှင်ပေါ်လာသလို ယူတတ်မှသာရမည် ဖြစ်သည်။ ထို့ကြောင့်ဤကိစ္စအပေါ်အားပေးစရာ၊ ကဲ့ရဲ့စရာတစ်စုံတစ်ရာမမြင်ပါ။ လူတိုင်းလူတိုင်း ကိုယ့်သမိုင်းကိုယ်ရေး နေကြခြင်းသာဖြစ်ပါသည်။ ဘာပဲလုပ်လုပ်ကိုယ်ပိုင်ဆုံးဖြတ်ချက်သာပဓာနဖြစ်ပါသည်။ သို့ရာတွင်ပြည်ပမှာနေနေ ပြည်တွင်းမှာနေနေ မမေ့မလျော့အပ်သော သတိထားစရာဆောင်ရန်၊ ရှောင်ရန်အချက်တို့ရှိနေမည်သာဖြစ်ပါသည်။

ထို့ကြောင့် လျှပ်တစ်ပြက်သတင်းဂျာနယ်အနေဖြင့် မြန်မာလူငယ်ထုအပေါ်အကြံပြုလိုသည့်အချက်များကို လူငယ် အကျိုးပြုစာပေများ ဇွဲဆက်မပြတ်ရေးသားလျက်ရှိသော စာရေးဆရာကြီး(ဦး)အောင်သင်းနှင့် သွားရောက် တွေ့ဆုံပြီး ရေကြည်ရာ မြက်နုရာကိစ္စအပေါ်မေးသင့်မေးထိုက်သည့်အချက်အလက်များမေးမြန်းခဲ့ပါသည်။ ဇက်တင်ဘာ(၃)ရက်နေ့ နံနက်ပိုင်းက ဆရာကြီးဦးအောင်သင်း၏ နေအိမ်သို့လျှပ်တစ်ပြက် ဝိုင်းတော်သားများ ရောက်ရှိခဲ့ရာ ဆရာကြီးက လူငယ်များ အပေါ်ဝေမျှပေးလိုသည့်အချက်များကို စေတနာ၊ မေတ္တာဖြင့်ပွင့်ပွင့်လင်းလင်းပြောကြားပေးခဲ့ပါသည်။ ဤနေရာတွင်စာရှုသူများကို စကားပလ္လင်ခံလိုသည့် အချက်တစ်ချက်မှာ မိမိတို့အယ်ဒီတာအဖွဲ့ဝင်များဖြစ်သော ဆရာ လွမ်းဝေနိုင်နှင့်မိမိသည် တစ်ချိန်က ဆရာကြီး၏တပည့်ကျောင်းသားများဖြစ်ခဲ့သဖြင့် အမေးအဖြေပုံစံတွင် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသည့်သဘောနှင့် 'မင်းတို့'၊ 'ငါတို့' ဆိုသောနာမ်စားအသုံးအနှုန်းများပါဝင်နေပါသည်။ ထိုအချက်ကို စာရှုသူအနေဖြင့် ယောနိသောမနသိကာရ သင့်တင့်လျောက်ပတ်စွာနားလည်ပေး၊ နှလုံးသွင်းပေး၍ သက်ကြီးစကားသက်ငယ်ကြား သည့်နှယ် အောက်ပါအတိုင်းလေ့လာဖတ်ရှုနိုင်ပါရန် မေတ္တာရပ်ပါကြောင်း။

**ဆရာကြီးခင်ဗျား . . . နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ရတဲ့သူတွေမှာ ဦးနောက်နဲ့ အချိန်အရင်းအနှီး ဘယ်လိုရှိမလဲ။ အချိန်မှာအရွယ်ပါတယ်လို့ဆိုပါတယ်။ အဲဒါ ဘယ်လိုသဘောပေါက်ရမလဲ။**

အရင်းအနှီးမှာအရွယ်ပါ ပါသွားတဲ့အတွက်နိုင်ငံရပ်ခြားအလုပ်သွားလုပ်တဲ့သူတစ်ယောက်ဟာ ဟိုမှာကြာပြီးပေါ့ဆ နေမိရင် သူ့အရွယ်ကပြန်ရနိုင်တာမဟုတ်ဘူး။ အချိန်ကျတော့လည်း ဟိုမှာငါးနှစ် အလုပ်လုပ်မယ်ဆိုရင် တစ်ခုခုအချိန်ရ အောင်၊ အရင်းအနှီးရအောင်လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်လို့ ငါးနှစ်ကြာလို့ပြီပြန်လာရင် မြန်မာပြည်မှာသူကသူစိမ်းပြန်

www.burmeseclassic.com

www.burmeseclassic.com

မြေခြားမြေခြားရောက်သွားတဲ့အခါမှာ ဒီလိုအားငယ်တတ်တာသဘာဝပဲ။ ဒါဟာ ဘယ်သူမဆိုပါ။ ငါလည်းဖြစ်ခဲ့ဖူးတာပဲ။ ဖြစ်ခဲ့ဖူးလို့ပဲ တစ်လောတုန်းကဆောင်းပါးလေးတစ်ပုဒ် 'ဝပ်ကျင်း' ဆိုတာရေးလိုက်သေးတယ်။ ကိုယ့်ဝပ်ကျင်းလေးကိုမခွာနိုင်တဲ့ကိစ္စပေါ့။ အဲဒီတော့အားငယ်သွားတာပဲ။ ဘယ်လောက်အသက်ကြီးကြီး ဘယ်လောက် ပညာတတ်တတ် အားငယ်တတ်တယ်။ နောက်တော့ နေသားကျသွားတော့မှသာ တဖြည်းဖြည်းကျင့်သားရတာပေါ့။ အရေးကြီးတဲ့အချက်က ဝင်လုပ်ရတဲ့လုပ်ငန်းက ကာယလုပ်ငန်းလား။ ဉာဏလုပ်ငန်းလားရှိတယ်။ ဉာဏလုပ်ငန်းဆိုရင် ကိုယ့်ဉာဏ်နဲ့ဆက်ပြီး ဦးနှောက်အရင်းအနှီးရအောင် ဘယ်လိုလုပ်ရင်ရမလဲဆိုတဲ့ always learning ပေါ့။ အမြဲတမ်းကိုယ့်လုပ်ငန်းကို တိုးတက်အောင်ဆည်းပူးနေခြင်းပေါ့။ ဒါပေမဲ့ ကာယလုပ်သားကျတော့ အဲဒါမျိုးမလွယ်ဘူး။ မလွယ်တော့ အားတဲ့အချိန်မှာ entertainment ပေါ့ . . . ကိုယ့်စိတ်ကိုဖြေဖျော်တာ တစ်နည်းရှိတယ်။ တိုးတက်လာအောင်လုပ်တာ တစ်နည်းရှိတယ်။ အဲဒီနှစ်နည်းမှာဖြေဖျော်တဲ့ ဥစ္စာမှာမဟုတ်တဲ့နည်းနဲ့၊ ကိုယ့်ကိုကိုယ် ဖြေဖျော်တာမျိုးမဟုတ်ဘဲနဲ့ ကက်ဆက်သီချင်းလေးတွေ နားထောင်တာတွေထက်လွန်သွားပြီးတော့ ဟိုတယ်တွေ၊ ကလပ်တွေလျှောက်ပြီးသွားရင်တော့ ပိုက်ဆံကုန်တာအပြင် စရိုက်နည်းနည်းပျက်သွားတတ်တယ်။ လူပေါ့ပျက်သွားတတ်တယ်။ အကောင်းဆုံးက အားလပ်တဲ့အချိန်မှာ စာဖတ်နေတာအကောင်းဆုံးပဲ။ စာဖတ်တဲ့အခါမှာလည်း စာဖတ်တာရိုးရိုးဆိုရင် လူက အလုပ်လို့သဘောမထားဘူး။ အပျင်းဖြေလို့သဘောထားသွားတတ်တယ်။

**နောက်တစ်ခုကစွန့်တယ်ဆိုတာ စားရဖို့ဆိုပြီး ဟောပြောတဲ့နေရာမှာ ဆရာကြီးသုံးနှုန်းခဲ့တာရှိပါတယ်။ အဲဒါကိုဘယ်လိုသဘောပေါက်ရမလဲ။**

ဟုတ်တယ်။ အဲဒါလည်းငါ . . . ခွဲသုံးခဲ့တာပါပဲ။ မစွန့်ဘဲနဲ့မစားရဘူး။ စွန့်မှပဲစားရတယ်ဆိုတဲ့ကိစ္စ။ အဲဒါမှာ လူကြီးတွေမှာဖြစ်စေ၊ လူငယ်တွေမှာဖြစ်စေ၊ ကလေးပေါက်စမှာဖြစ်စေ စွန့်စားတတ်တဲ့စိတ်ကတော့ရှိတာချည်းပဲ။ တိရစ္ဆာန်တွေတောင်မှ စွန့်စားတာပဲ။ animal courage ခေါ်တာပေါ့။ ကလေးမှာလည်းစွန့်စားချင်တဲ့စိတ်ရှိတာပဲ။ ဒါကြောင့်မို့ ကလေးကိုလက်တွဲလမ်းလျှောက်ရင်းနဲ့ နည်းနည်း သူလမ်းလျှောက်လာနိုင်ရင် သူ့ကိုလက်တွဲတာမကြိုက်ဘူး။ အတင်းရုန်းတယ်။ ပြီးတော့မှလဲချင်လဲမယ်။ အဲဒါဘာလဲဆိုတော့ သူ့ခြေထောက်ပေါ်သူရပ်ဖို့ ကြိုးစားတဲ့သဘောပဲ။ အခုပြောနေတဲ့မြေခြားမြေခြားသွားတဲ့ကိစ္စမှာ တိုင်းတစ်ပါးကိုထွက်ခွာသွားပြီဆိုကတည်းက စွန့်သွားတာပဲ။ အဲဒီတော့စွန့်ပြီးတော့မစားရဘူးဆိုရင် ဆက်ပြီးလုပ်တဲ့လုပ်ငန်းညံ့ဖျင်းလို့ပဲ။ ဟိုမှာနေရာမှားတာလား။ ကျင့်သုံးပုံမှားတာလား။ သို့မဟုတ်လုပ်ပုံကိုင်ပုံမှား တာလားမသိဘူး။ ပုံသေတာကတော့ စွန့်ရင်စားကိုစားရမှာပေါ့။ မစားရလို့ရှိရင် တစ်ခုခုမှားနေပြီ။ အဲဒီတော့ကိုယ့်ဘာသာကိုယ်ပြန်တွက်ကြပေါ့။

**အခုပညာခေတ်မှာ တချို့ပညာရေးအားမပါတဲ့လူငယ်တွေက *''ပိုက်ဆံရှာဖို့ပဲအရေးကြီးတယ်။ ပညာမတတ်လည်းဖြစ်တယ်။ ဆယ်တန်းမအောင်လည်းဘာဖြစ်လဲ . . . နိုင်ငံခြားထွက်မယ်''*ဆိုပြီး ကြွေးကြော်နေကြတာရှိပါတယ်။ ဒီအပေါ်မှာ ဆရာကြီးအမြင်ဘယ်လိုပါလဲ။**

အရင်တုန်းကမလေးရှားမှာ ''ဟဲ့ . . စာကြိုးစား။ နင်အောင်လို့ရှိရင် ရန်ကုန်တက္ကသိုလ်ကိုပို့ပေးမယ်'' လို့ ပြောခဲ့ကြတာ။ ဒါတကယ်ဖြစ်ခဲ့တာပါ။ စင်ကာပူ ဟာ(၁၉၅၉)ခုနှစ် လွတ်လပ် ရေးရတယ်။ တို့က(၁၉၄၈)ခုနှစ်ရတယ်။ လီကွမ်ယူက သူတို့လွတ်လပ်ရေးယူခါနီးမှာတို့ ရန်ကုန် တက္ကသိုလ်ကိုလာတယ်။ သူကဘာပြောသလဲဆိုရင် ''လာမယ့်နှစ်အစိတ်၊သုံးဆယ်ကျရင် မြန်မာပြည်ရဲ့အဆင့်ကို ကျွန်တော်မီအောင်ကြိုးစားမယ်''လို့ပြောခဲ့တာ။ သူက brain drain အဖြစ်မခံတဲ့အပြင်သူ့ဆီက ကလေးတွေအကုန်လုံးကို west education အမေရိကန်၊ အင်္ဂလန် အကုန်ပို့ပေးတယ်။ လီကွမ်ယူယူတဲ့ပုံစံက အနောက်နိုင်ငံက educationတွေချည်းပဲ။ ပို့ပြီးတော့ သူ့တိုင်းပြည်ကို သူပြန်လုပ်တယ်။ သူ့တိုင်းပြည်က သယံဇာတထွက်တဲ့ တိုင်းပြည်မဟုတ်ဘူး။ ရေတောင်ဝယ်သောက်နေရတာ။ ဘာမှမထွက်တဲ့အခါကျတော့ လူကိုအကောင်းစားဖြစ်အောင်လုပ်တာ။ အခုဒီက ကလေးတွေဖြစ်နေတဲ့သဘောကိုငါပြောမယ်။ သူတို့က''ဆယ်တန်းအောင်လည်းဘာဖြစ်မှာလဲ'' ဆိုတာကိုပြောတယ်။ ကောင်းပြီ။ ''ဆယ်တန်းကိုတန်ဖိုးမထားလို့မင်းအခုဘာတွေ လုပ်နေလဲ''လို့ပြန်မေးလိုက် ရင်ဘာမှပြောစရာထွက်မလာတော့ဘူး။ အဲ့ဒါပြီးတော့ကောဘာလုပ်မှာလဲ။ ကမ္ဘာ့ဇာတ်ခုမှာ စာရေးလုပ်၊ ဘာလုပ် . . လုပ်နေရတာပဲဆိုတဲ့သူတွေ ''ကောင်းပြီ မင်းကအဲ့မယူတော့ဘူးဆိုရင် မင်းကအဲဒီအဲ့နဲ့တန်းတူဖြစ်အောင် အခုဘာတွေလုပ်နေတုန်း''လို့မေးရင် သူတို့မှာအဖြေမရှိဘူး။ လမ်းသွားပြီးတော့ ဂိမ်းဆိုင်ထိုင်နေမယ်။ ဘီလီယက်ထိုးနေမယ်။ ဒါမှမဟုတ် အရက်ဆိုင်ထဲရောက်နေမယ်။ အဲဒါမျိုးတွေဖြစ်နေတာ။ အရေးကြီးတဲ့အချက်ကတော့ဦးနှောက်ဖွံ့ဖြိုးဖို့အတွက်အချိန်ကိုဘယ်လိုအသုံးချလဲ။ လူတစ်ယောက်ရဲ့ အစွမ်းအစသိချင်ရင် သူ့ရဲ့အချိန်ကိုဘယ်လို အသုံးချကြည့်လဲ။ ဒါပါပဲ။




**တရုတ်ကျတော့သူ့ရဲ့ brain drain ကို brain gainပြန်ဖြစ်အောင်လုပ်နိုင်ခဲ့တယ်။ ဒီအတွက်သူတို့အလား အလာက ဘယ်လိုရှိခဲ့လို့လဲ။**

သူတို့ကလူဦးရေများလွန်းတော့သွားမယ်ဆိုလည်းသွားပါစေပေါ့။ ကမ္ဘာ့အနှံ့အပြားမှာ ဘယ်နေရာမဆိုတရုတ်ဆိုတာရှိရမယ်။ ဒါသူတို့ရဲ့policyပဲ။ ဟိုးအရင်ကလည်းဒီအတိုင်းပဲ။ any corner of the world . . . အဲဒီမှာတရုတ်ရှိမယ်။ သူကအဲဒီအတွက်နိုင်ငံခြားကို လွှတ်တာပဲ။ ပြီးတော့ပညာတတ်တဲ့သူတွေကိုပြန်စုနေတာပဲ။ အခုပြန်စဉ်းစားကြည့်ပါလား။ တရုတ်ပြည်ဟာ မော်စီတုံးခေတ်ကိုလည်းရောက်ရော အဝေးရောက်တရုတ်တွေပြန်ခေါ်လိုက်တာပဲ။ တရုတ်က အဲဒီလိုသွားတာ။ တကယ့်တကယ်မင်းတို့ပြန်တွက်ကြည့်ရင် ကွန်မြူနစ်တော်လှန်ရေးကြီးအောင်မြင်သွားလို့ မော်စီတုံးတက်လာ တော့ သူတို့ဆီမှာအတတ်ပညာရှင်ရှိမှမရှိတာ။ နိုင်ငံခြားရောက်နေတဲ့သူတို့လူမျိုးအတတ်ပညာရှင်တွေပြန်ပြီးခေါ်ခဲ့ရတာ။ အမှန်က brainကို drain လုပ်တာမဟုတ်ဘဲနဲ့ brainကို reflection လုပ်လိုက်တာပဲ။ အဲဒီနည်းနဲ့တရုတ်ဟာ atomic energyတို့၊ ဂြိုဟ်တုလွှတ် တာတို့ လုပ်နိုင်တာပေါ့။အခုဒီကနေ နိုင်ငံခြားသွားပြီးဟိုမှာ ကူလီလုပ်ပြီးပြန် လာရုံသက်သက်နဲ့တော့ဘာပါလာမှာလဲ။

**ဆရာကြီးဆိုလိုချင်တာက ဟိုမှာအလုပ်လည်းလုပ်၊ သူ့ဆီကလည်းယူလာခဲ့ပေါ့။ ဟုတ်လား။**

ဒါမျိုးပေါ့။ အဲဒါမျိုးလုပ်နိုင်ရမယ်။

**နိုင်ငံခြားရောက်နေတဲ့လူငယ်တွေကိုဆရာကြီးအကြံပြုလိုတာလေး အနှစ်ချုပ်သိပါရစေ။**

နိုင်ငံခြားရောက်နေတဲ့ မြန်မာလူငယ်တွေကိုမှာချင်တာကတော့ အဲဒီနိုင်ငံခြားမှာ ကိုယ့်ပတ်ဝန်းကျင်ဆိုးကင်းကွာနေတဲ့အတွက်ကြောင့်မို့လို့ မပျက်စီးကြပါစေနဲ့။အဲဒီမှာအလုပ်လုပ်နေတဲ့အချိန်ပင်ပန်းတယ်။ ပင်ပန်းတဲ့အပန်းဖြေရင် မိမိကိုယ်ကိုပျက်စီးစေမယ့်အပန်းမျိုးမဖြေနဲ့။ အဲဒီလိုဖြေခြင်းအားဖြင့် နိုင်ငံခြားရောက်နေလို့ဘာမှအကျိုးအမြတ်မထွက်ဘဲနဲ့ ပျက်စီးတဲ့သူအဖြစ်နဲ့ အဖတ်တင်ကြလိမ့်မယ်။ အဲဒီအခါကျရင်မင်းရဲ့အနာဂတ်က အရင်းအနှီး လည်းဆုံး၊ အမြတ်လည်းမရ။ အဲဒီလိုဖြစ်မှာပဲ။ ။

**မေးမြန်းသူ - မောင်အေးအောင်**

www.burmeseclassic.com